KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**


၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့ / KHRG မှတ်တမ်းလွှာအမှတ် # 19-83-I1


---

# ဒူးပလာယာခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ကြာအင်းဆိပ်ကြီးမြို့နယ်မှ သက်ငယ်လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုနှင့် အိမ်တွင်းအကြမ်းဖက်ကျူးလွန်မှု ဖြစ်ရပ်များ (၂၀၁၀ ခုနှစ် မှ ၂၀၁၉ ခုနှစ်အထိ)

---


*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၁၀ ခုနှစ်တွင် အသက် ၁၃နှစ်အရွယ်ရှိအမျိုးသမီးငယ်တစ်ဦးအား သူမ၏ ဖခင်ဖြစ်သူမှ အဓမ္မပြုကျင့်ခဲ့ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာအထိ မြဝတီနှင့် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊လယ်သောမောကျေးရွာအုပ်စု၊ က---ကျေးရွာ သို့ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုအချိန်ကာလအတောအတွင်း သူမသည် အဆက်မပြတ် ခြိမ်းခြောက်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများခံခဲ့ရပြီး၊ သားယောက်ျားကလေးနှစ်ယောက်ကိုပါ မွေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ခံရသူမှ ထွက်ပြေးခဲ့ပြီး ယခုအချိန်တွင် သူမသည် သူမ၏ကလေးများနှင့်အတူ ထိုင်းနိုင်ငံတွင် နေထိုင်လျက်ရှိပါသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ပြစ်မှုကျူးလွန်သူအားဖမ်းဆီးခဲ့ပြီး ယခု KNU တရားရုံး၏ ပြစ်ဒဏ်ချမှတ်မှုကို စောင့်စားလျက်ရှိနေပါသည်။*


---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | သက်ငယ်လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုနှင့် အိမ်တွင်းအကြမ်းဖက်ကျူးလွန်မှုဖြစ်ရပ်များ |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၀ ခုနှစ်မှ ၂၀၁၉ခုနှစ် **အထိ** |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လယ်သောမောကျေးရွာအုပ်စု၊ က---ကျေးရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | နော် န--- |
| **အသက်** | ၂၂ |
| ***ကျား/မ*** | မ |
| ***လူမျိုး*** | ကရင် |

| | |
|---|---|
| **မိသားစုရှိ/မရှိ** | မရှိ |
| **ကိုးကွယ်သည့် ဘာသာ** | ခရစ်ယာန် |
| **နေရပ် ရွာအမည်** | ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လယ်သောမောကျေးရွာအုပ်စု၊ က--- ကျေးရွာ |

| **ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | **အလုပ်အကိုင်** | **အထက်အရာရှိ အမည်** |
| ဦးအောင်မင်း | - | ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ လယ်သောမော ကျေးရွာ အုပ်စု၊ က--- ကျေးရွာ |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ကွင်းဆင်းလုပ်သားတစ်ဦးမှ ခံရသူ နော် န--- အား တွေ့ဆုံမေးမြန်းမှုပြု လုပ်ခဲ့ပါသည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။** |
|---|
| မေးခွန်းဖြေဆိုသူသည် ဤအဖြစ်အပျက်ကို ကိုယ်တိုင်ခံစားခဲ့ခြင်းဖြစ် ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။** |
|---|

နော်န--- ၏မိခင်နှင့် ဖခင်တို့သည် သူမ အသက်၁၈နှစ်အရွယ် [၂၀၀၇ ခုနှစ်ခန့်] တွင် ကွာရှင်းခဲ့ကြပါသည်။ ထို့နောက် သူမ၏ ဖခင်သည် ထိုင်းနိုင်ငံရှိ ဖုတ်ဖဒေသတွင် အလုပ်လုပ်ရန်အတွက် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ နောက်ပိုင်း၌ ၎င်း၏ဖခင်မှ နောက်အိမ်ထောင်ပြုခဲ့ပါသည်။ ထိုနှစ်နောက်ပိုင်း နော်န--- ၏ အဒေါ်သည် သူမအား ၎င်းထံသို့သွားလည်ရန် ခေါ်သွားခဲ့သော်လည်း သူမ၏ဖခင်သည်ဇနီးအသစ်ရှိသောကြောင့် သူမ၏ဖခင်နှင့်အတူနေရန် အခွင့်မရခဲ့ပါ။ သူမသည် အခြားသူများနှင့် အတူနေထိုင်ခဲ့ပြီးနေ့စားအဖြစ် အလုပ်လုပ်ကိုင်ခဲ့ရပါသည်။ နော်န--- ၏ဖခင်ဖြစ်သူသည် သူမထိုင်းနိုင်ငံတွင် နှစ်နှစ်ခွဲအလုပ်လုပ်ကိုင်ပြီးသည့်နောက် ထပ်မံကွာရှင်းခဲ့ပါသည်။

၂၀၁၀ ခုနှစ်တွင် နော် န---၏ ဖခင်ဖြစ်သူသည် သူမအသက် ၁၃နှစ်အရွယ်တွင် သူမဆီသို့လာခဲ့ပြီး ၎င်းနှင့်အတူ [လင်မယားအဖြစ်] နေထိုင်ရန် မေးခဲ့ပါသည်။ သူမမှ "*ကျွန်မက အဖေ့ရဲ့သမီးလေ အဲဒါကြောင့် အဖေသမီးနဲ့နေလို့မရဘူး။*" ဖခင်ဖြစ်သူမှ "*နင်ကငါ့သမီးဆိုပေမဲ့ နင့်ကိုလူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက် လာခဲ့တာမဟုတ်ဘူး။*" ထို့နောက်၊ သူမအား အဓမ္မပြုကျင့်ခဲ့ပါသည်။ ထိုသို့ဖြစ်ပွားပြီး နောက်၊ သူမမှ ဖခင်ဖြစ်သူအား ဤကဲ့သို့မေးမြန်းခဲ့ပါသည်။ "*ကျွန်မကို ဘာဖြစ်လို့အဓမ္မပြုကျင့်ခဲ့တာလဲ။*" ဖခင်ဖြစ်သူမှ ဤကဲ့သို့ ပြန်လည်ဖြေဆိုခဲ့ပါသည်။ "*နင့်အဖွားကိုမုန်းလို့ နင့်ကိုအဓမ္မပြုကျင့်ပြီး တစ်ဆင့်က လဲ့စားပြန်ချေတာ။*"

ဖခင်ဖြစ်သူမှ ဤဖြစ်ရပ်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ မပြောရန်၊ နှုတ်ပိတ်ရန်ပြောခဲ့ပါသည်။ အဓမ္မပြုကျင့်ခံခဲ့ရပြီးသည့်နောက် ဖခင်အား သူမ၏မိခင်ထံသို့ပြန်ပို့ရန်အတွက် တောင်းဆိုခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်မည့်အစား၊ နော်န--- အား ၎င်းနှင့်အတူ မြန်မာနိုင်ငံသို့ ခေါ်သွားခဲ့ပါသည်။ မြဝတီတွင်တစ်နှစ်ကြာနေထိုင်ခဲ့ကြပါသည်။ နောက်ပိုင်း၊ ဖခင်ဖြစ်သူမှ သူမအား ကြာအင်းဆိပ်ကြီးမြို့နယ်၊ လယ်သောမောကျေးရွာအုပ်စု၊ န--- ကျေးရွာသို့ခေါ်ဆောင်သွားပြီး ထိုတွင် ၂၀၁၉ ခုနှစ်အထိ နေထိုင်ခဲ့ကြပါသည်။ န---ကျေးရွာတွင် နေစဉ်ကာလအတောအတွင်း ကလေးနှစ်ဦးရရှိခဲ့ပြီး ကိုယ်ဝန်တစ်ကိုယ်ဝန် ပျက်ကျခဲ့ပါ သည်။

ဖခင်ဖြစ်သူမှ သူမအား အဖေခေါ်ခွင့် မပြုခဲ့ပါ။ ဖခင်ဖြစ်သူမှ သူမအကယ်၍ ၎င်းအား အဖေ သို့မဟုတ် ဤဖြစ်ရပ်အား အခြားသူတစ်ဦးတစ်ယောက်ကို ပြောမည်ဆိုပါက သတ်ပစ်မည်ဟုပြောပါသည်။ သူမသည် အမှန်တရားကိုထုတ်ဖော်ပြောမည်ဆိုပါက ၎င်းသည် အဖမ်းခံရမည်ဖြစ်ကြောင်းသိနေခဲ့ပါသည်။ ခံရသူသည် ၂၀၁၉ ခုနှစ်၊ မေလ အထိ သူမ၏အခြေအနေအား မည်သူကိုမှ မပြောပြခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် သူမသည်ဖွင့်ပြောရန်အတွက် ကြောက်ရွံ့ပြီး မည်သူကို ယုံကြည်ရမည်ကို မသိသောကြောင့်ပင်ဖြစ်ပါသည်။ ရွာထဲ၌ ရှိသောသူများသည် ၎င်းတို့အား လင်မယားအဖြစ်သာ သိရှိကြပါသည်။ ၎င်းတို့သည် အခြားသောရွာမှ လာခဲ့ခြင်းဖြစ်သောကြောင့် မည်သူကမှ ၎င်းတို့သည် သားအဖဖြစ်ကြသည်ကို မသိကြပါ။

၎င်းသည် ဖခင် သို့မဟုတ် ခင်ပွန်း တစ်ဦးအနေဖြင့် မိသားစုအတွက် အလုပ်မလုပ်ခြင်းနှင့် မိသားစုတာဝန်ဝတ္တရားများအား ဘယ်တော့မှ မဖြည့်ဆည်းပေးပါ။ ၎င်းသည် မကြာခဏအရက်သောက်ပြီး တစ်ခါတစ်ရံ သူငယ်ချင်းများနှင့်အတူ မူးယစ်ဆေးဝါး [မြင်းဆေး] ကို သုံးပါသည်။ ၎င်းမှ အရက်သောက်ပြီးသည့်နောက် ခံရသူအား မကြာမဏ အကြမ်းဖက်မှုများကျူးလွန်ခဲ့ပါသည်။ သူမသည် အိမ်နီးနားချင်းတို့ထံသို့အလည် အပတ်သွားပြီးသည့်နောက် အဆိုးရွားဆုံးသော ကျူးလွန်မှု [KHRG မှဖြစ်ပွားခဲ့ချိန်အတိအကျကိုမသိရှိခဲ့ပါ] ခံခဲ့ရပါသည်။ ၎င်းတို့မှ သူမ၏ဆင်းရဲဒုက္ခကို စာနာစိတ်နှင့် လွတ်မြောက်အောင် ကြိုးစား၍နည်းလမ်းရှာ ကူညီပေးခဲ့ပါသည်။ သို့သော် သူမအိမ်သို့ပြန်ရောက်ရှိသွားချိန်တွင် ဖခင်ဖြစ်သူမှ သူမအား ဆိုးရွားစွာ နှိပ်စက်ခဲ့ပါသည်။ သူမမှ အိမ်နီးနားချင်းတို့အား နောက်ထပ်သွားလည်မည်ဆိုပါက သူမအားမြှုပ်ရန်အတွက်

ကျင်းတစ်ကျင်းအား တူးခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် နော် န--- သည်သူမ၏အခြေအနေများအား သူမ၏အိမ်နီးနားချင်းထံသို့ ပြောပြခဲ့ပါသည်။ သူမ [အိမ်းနီးနားချင်း] သည် KHRG မှပေးသော ကျေးလက်စွမ်းရည်မြင့်တင်ရေးသင်တန်းတက်ခဲ့ဖူးသူဖြစ်ပြီး ကျေးရွာတွင်းမည်သည့် လူ့အခွင့်အရေးကျူးလွန်မှု ဖြစ်ပွားခဲ့ပါက ဒေသခံ အာဏာပိုင်များအား အသိပေးရန် သို့မဟုတ် တင်ပြရန် ရွေးချယ်ခံရသူဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ရက်နေ့တွင် ဤဖြစ်ရပ်ကို ကရင်အမျိုးသမီးအဖွဲ့ (KWO) ထံသို့တင်ပြခဲ့ပါသည်။

ခံရသူသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် သူမ၏ဖခင် အခြားသောကျေးရွာ၌ ရှိစဉ်တွင် ထိုင်းနိုင်ငံ ဝ--- ဒုက္ခသည်စခန်းရှိ ခိုလှုံအိမ်တွင် သွားရောက်ကာ လွတ်မြောက်ခဲ့ပါသည်။ သူမ မရှိသော်လည်း အာဏာပိုင်များမှ အရေးယူဆောင်ရွက်ပေးရန် မျှော်လင့်နေခဲ့ပါသည်။ KWO မှ KHRG အား ဤကိစ္စကို ပြောပြခဲ့ပြီးအဖွဲ့အစည်းနှစ်ခုလုံးသည် ဤကိစ္စကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဒူးပလာယာခရိုင်ရှိ KNU အာဏာပိုင်များ နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ KNU အာဏာပိုင်များထံသို့ လွှဲပြောင်းပေးခဲ့ပါသည်။ KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ ဖော်ပြပါအတိုင်း မှုခင်းဖြစ်ပွားခဲ့ကြောင်း သေချာစေရန် လိုအပ်သောစုံစမ်းလေ့လာမှုများကို ပြုလုပ်ခဲ့ပါသည်။ ယင်းတို့ထဲတွင် ခံရသူကိုယ်တိုင်နှင့် မေးဖြေပြုလုပ်ခြင်းလည်းပါဝင်ပါသည်။

ပြစ်မှုကျူးလွန်သူသည် ဒူးပလာယာခရိုင်ရှိ KNU တရားရုံးတွင် အမှုရင်ဆိုင်နေရပြီး ယခု KNU အကျဉ်းထောင်ထဲတွင် ရှိနေပြီး တရားရုံး၏ နောက်ဆုံးဆုံးဖြတ်ချက်ကို စောင့်နေပါသည်။ ခံရသောသူသည် သားနှစ်ယောက်နှင့်အတူ ဝ--- ဒုက္ခသည်စခန်းတွင် ယခု နေထိုင်နေပါသည်။ KWO မှ အစားအစာ၊ အဝတ်အစားနှင့် ကျန်းမာရေးစသည်တို့အားထောက်ပံ့ပေးပါသည်။ စခန်းတာဝန်ရှိသူများထံမှလည်း ဖက်ရွက်၊ ဝါးနှင့်သစ်များကိုလည်းရရှိပါသည်။သူမသည်ပြစ်မှုကျူးလွန်သူအကျဉ်းမှလွတ်မြောက်မည်ဆိုပါကသူ၏မိခင်နှင့်သူမအားဒုက္ခပေးမည်ကို စိုးရိမ်နေပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

ခံရသူမှ KHRG အားဤအချက်အလက်များကို အသုံးပြုရန်အတွက်ခွင့်ပြုချက်ပေးထားပါသည်။ သူမသည် တရားမျှတမှုရရှိရန်နှင့် အခက်အခဲများမှ လွတ်မြောက်ချင်နေပါသည်။ သူမသည် လုံခြုံရေးနှင့် စောင့်ရှောက်မှုများကိုလည်း ထောက်ပံ့ပေးရန်လိုလားလျက်ရှိပါသည်။



၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ လယ်သောမော ကျေးရွာ အုပ်စု၊ က--- ကျေးရွာတွင် ဤပုံအားရိုက်ယူခဲ့ပါသည်။ ဘယ်ဖက်တွင်ရှိသော ပုံသည် ရွာသို့ ခေါ်သွားခြင်း ခံရပြီးသည့် နောက် နေထိုင်ခဲ့ရသော ကျန်ရှိသည့် နော် န--- ဖခင်၏ နေအိမ်ဖြစ်ပါ သည်။ [ပုံ : KHRG]



၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့တွင် ထိုင်းနိုင်ငံ ဝ--- ဒုက္ခသည်စခန်းတွင် ဤပုံအား ရိုက်ယူခဲ့ပါသည်။ ဤပုံသည် သားနှစ်ဦးနှင့်အတူ နေထိုင်သော နော် န---၏ အိမ်ပုံ ဖြစ်ပါသည်။ [ပုံ : KHRG]